# မီးနှင့်အပိုအန္တရာယ်အကာအကွယ်အာမခံ

လူကြီးမင်းတို့ပိုင်ဆိုင်သော အိုးအိမ်နှင့်ပစ္စည်းများ မတော်တဆမီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးပေးလျော်သည့် အာမခံအမျိုးအစား ဖြစ်ပါသည်။

**အာမခံသက်တမ်း** - (၁၀)ရက် မှ (၁)နှစ်

**ပရီမီယံနှုန်း** - အဆောက်အအုံအမျိုးအစား၊ အသုံးပြုပုံနှင့် ပတ်ဝန်းကျင်အခြေအနေပေါ်တွင်မူတည်၍ သတ်မှတ်ပါသည်။

**မီးနှင့်အပိုအန္တရာယ်အကာအကွယ်အာမခံထားခြင်းဖြင့် ရနိုင်သောအကျိုးကျေးဇူးများ**

**အဆောက်အအုံများအတွက်**

- မတော်တဆလောင်ကျွမ်းသောမီး
- အခြားမှကူးစက်လောင်ကျွမ်းသောမီး
- မိုးကြိုးပစ်ခြင်းကြောင့် လောင်ကျွမ်းသောမီးနှင့်
- အိမ်သုံးဓာတ်ငွေ့ပေါက်ကွဲမှုကြောင့်လောင်ကျွမ်းသောမီးများကြောင့်ပျက်စီးခြင်း

**ပစ္စည်းများအတွက်**

- မီးသတ်ရာတွင်အသုံးပြုသည့် မီးသတ်ဆေးကြောင့်ဖြစ်စေ၊ ရေကြောင့်ဖြစ်စေ ပစ္စည်းများပျက်စီးခြင်း
- မီးလောင်နေသည့် အဆောက်အအုံအတွင်းမှ ပစ္စည်းများရွှေ့ပြောင်းစဉ်ပျက်စီးခြင်း
- မီးသတ်ဝန်ထမ်းများက တာဝန်အရ တရားဝင်ဆောင်ရွက်ရာမှ ပျက်စီးဆုံးရှုံးခြင်း
- မီးလောင်မှုကြောင့် အမိုး/ကြမ်းခင်း/နံရံများ ပြိုကျရာမှ ပျက်စီးခြင်း
- မီးလောင်နေစဉ် အဆောက်အအုံအတွင်းမှပစ္စည်းများ ပြင်ပတွင်စုပုံထားရှိစဉ် မိုးရေကြောင့်ဖြစ်စေ၊ရာသီဥတုကြောင့်ဖြစ်စေ ပျက်စီးဆုံးရှုံးခြင်းများကို လျော်ကြေးပြန်လည်ရရှိနိုင်ပါသည်။

**အပိုအန္တရာယ်အကာအကွယ်များ**

မီးအာမခံနှင့်အတူအောက်ဖော်ပြပါ အကာအကွယ်များကိုလည်း ထပ်မံဝယ်ယူနိုင်ပါသည်။

| စဉ် | အပိုအကာအကွယ်များ | ပရီမီယံနှုန်း |
|---|---|---|
| ၁ | အဓိကရုဏ်း၊ သပိတ်မှောက်ခြင်းနှင့် မသမာဖျက်ဆီးမှု | ၀.၀၆% |
| ၂ | လေယာဉ်ကြောင့် ထိခိုက်ပျက်စီးခြင်း | ၀.၁၀% |
| ၃ | ကုန်းလမ်းသွားယာဉ်များကြောင့် ထိခိုက်ပျက်စီးခြင်း | ၀.၁၀% |
| ၄ | မြေကျွံခြင်း၊ မြေပြိုခြင်း | ၀.၁၀% |
| ၅ | မြေငလျင်ကြောင့်မီးလောင်ခြင်း၊ ပြိုအက်ပျက်စီးခြင်း | ၀.၁၀% |
| ၆ | ပေါက်ကွဲပျက်စီးမှု | ၀.၁၀% |
| ၇ | အလိုအလျောက်မီးစွဲလောင်မှု | ၀.၀၈% |
| ၈ | လေပြင်းမုန်တိုင်းအမျိုးမျိုး | ၀.၂၀% ~ ၀.၂၅% |
| ၉ | ရေကြီးခြင်း၊ ရေလျှံခြင်း | ၀.၁၀% |
| ၁၀ | ဖောက်ထွင်းခိုးယူမှု | ၀.၂၅% ~ ၁% |
| ၁၁ | စစ်ဘေးအန္တရာယ် | ၀.၁၀% |

ရုံးချုပ်
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

**လျော်ကြေးမဲ့ဆု (No Claim Bonus)**

အာမခံသက်တမ်းတစ်နှစ်အတွင်း လျော်ကြေးတောင်းခံခြင်းမရှိခဲ့လျှင် သက်တမ်းတိုးသည့်နှစ်အတွက် လျော်ကြေးမဲ့ဆုအဖြစ် မီးအာမခံ ပရီမီယံ၏(၂၅%)ကို လျော့ပေးမည်ဖြစ်ပါသည်။

**မီးအာမခံထားရန်လိုအပ်ချက်များ**

- လူနေအိမ်အတွက် အငှားဖြစ်ပါက အငှားစာချုပ်မိတ္တူ
- စက်ရုံ၊သိုလှောင်ရုံအတွက် ငှားရမ်းအဆောက်အအုံဖြစ်ပါက အငှားစာချုပ်မိတ္တူ၊ မီးဘေးကာကွယ်ရေးစီမံချက်
- ကုန်ပစ္စည်း၊ စက်ပစ္စည်း၊ ပရိဘောဂများအတွက် ပစ္စည်းစာရင်းနှင့်အဝယ်ပြေစာများ

**လျော်ကြေးပေးချေမှု**

မီးအာမခံလျော်ကြေးကို လုံးဝပျက်စီးဆုံးရှုံးမှု(Total Loss)အတွက် အာမခံထားငွေကိုပေးလျော်မည်ဖြစ်ပြီး တစ်စိတ်တစ်ဒေသသာ ပျက်စီးပါက ပျက်စီးသည့်အစိတ်အပိုင်းရာခိုင်နှုန်းအပေါ်တွင် ပေးလျော်ပါမည်။

**အာမခံထားရှိလိုပါက**

FNI (General) ရုံးချုပ်နှင့် ရုံးခွဲများသို့လည်းကောင်း၊ FNI (General) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံ ကိုယ်စားလှယ်များသို့လည်းကောင်း ဆက်သွယ်၍ အာမခံထား ရှိနိုင်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများမှာ မီးနှင့်အပိုအန္တရာယ်အကာအကွယ်အာမခံ အချက်အလက်များကို အကျဉ်းချုပ်ဖော်ပြထားခြင်းသာ ဖြစ်ပြီး ပေါ်လစီ၏ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို www.fnigeneral.com တွင် အာမခံအမျိုးအစားအလိုက် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

ရုံးချုပ်
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

လျော်ကြေးကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်ပါက
**Claim Hot Line : 09-940777888** သို့
ချက်ချင်း အကြောင်းကြားရပါမည်။